# ACC Against COVID-19




## အစီအစဉ် (၂၀)

## “COVID–19 ကာလအတွင်း စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီနေထိုင်လိုက်နာခြင်း”

တင်ပြသူ
နန်းမြကြာခြည်

**World Health Organization (WHO)** @WHO ·

BREAKING

"We have therefore made the assessment that #COVID19 can be characterized as a pandemic"-@DrTedros #coronavirus

---

၂၀၂၀ ပြည့်နှစ် မတ်လ (၁၁) ရက်နေ့၌ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့(World Health Organization) က COVID-19 ကို တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် ရင်ဆိုင်နေကြရပါသည်။





COVID-19 ကူးစက်ပြန့်ပွားမှုအပေါ် ပြည်သူလူထုသည် စိုးရိမ်စိတ်တို့ဖြင့် ရိက္ခာ၊ ဆေးဝါးများကို အလုအယက် ဝယ်ယူလာကြပါသည်။ လတ်တလောဈေးကွက်တွင် အိမ်သုံး ဆေးဝါးများကို လိုအပ်သည်ထက် ပိုမိုဝယ်ယူ စုဆောင်းကြသည့်အတွက် ပစ္စည်းပြတ်လပ်မှုများ နှင့် ကြုံတွေ့နေရသလို ပုံမှန်ဈေးနှုန်းထက် ပိုမိုပေး၍ ဝယ်ယူနေရပါသည်။

ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် အခြေခံ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းတိုးမြှင့်ရောင်းချခြင်းမှ ကာကွယ်ရန် ၃၀.၃.၂၀၂၀ ရက်နေ့၌ ကုန်စည်များအပေါ် တားမြစ်မိန့်ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

ACC Against COVID-19

Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသ ရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ၊

အမိန့်ကြေညာစာ(၂၁/၂၀၂၀)

ဆေးဝါးများ

စားသုံးကုန်ပစ္စည်းများ

ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင် ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းစသည်တို့ မပြုလုပ်ရန်နှင့် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေခြင်းကို စိစစ်တွေ့ရှိပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ ၅ အရ အရေးယူခံရမည် ဖြစ်ကြောင်း သတိပေးဖော်ပြထားပါသည်။

ထို့ပြင် ဈေးကွက်တွင် အရည်အသွေး မမီသော ပါးစပ်နှင့် နှာခေါင်းစည်း (Mask)များနှင့် လက်သန့်ဆေးရည် (Hand Sanitizer နှင့် Hand Gel)များ ရောင်းချနေသည်ကို တွေ့ရသဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထောက်ခံချက်ပေးထားသော ပစ္စည်းများကို စိစစ်ဝယ်ယူနိုင်ရန်အတွက် သတင်းများ ထုတ်ပြန်ပေးလျက်ရှိပါသည်။

---

## အရည်အသွေး မမီသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)များ



**ပြည်တွင်း၌ ထုတ်လုပ်ခြင်းထောက်ခံချက်ရရှိထားသော Hand Sanitizer, Hand Gel များစာရင်း**

| Sr.No. | Brand Name | Product Name | Owner/ Manufacturer Name | Notification No. | Notification Expired Date |
|---|---|---|---|---|---|
| 1 | SAFE | Hand Gel; Lemongrass, Lemon | KSH Beauty Products Group., Myanmar | MN181016692 | 18/10/2020 |
| 2 | SAFE | Hand Gel | KSH Beauty Products Group., Myanmar | MN181016693 | 18/10/2020 |
| 3 | bwin | Instant Hand Sanitizer – Green Tea & Lavender Extract | Shwe Tha Zin Industrial Co., Ltd., Myanmar | MN180713973 | 05/07/2020 |
| 4 | bwin | Instant Hand Sanitizer – Lime Extract | Shwe Tha Zin Industrial Co., Ltd., Myanmar | MN180713974 | 05/07/2020 |
| 5 | D'FAMILY | Hand Sanitizer – Floral | Shangrila-Leap International Co., Ltd., Myanmar. | MN190823222 | 26/08/2021 |
| 6 | D'FAMILY | Hand Sanitizer – Lemon | Shangrila-Leap International Co., Ltd., Myanmar. | MN190823223 | 26/08/2021 |
| 7 | D'FAMILY | Hand Sanitizer – Strawberry | Shangrila-Leap International Co., Ltd., Myanmar. | MN190823224 | 26/08/2021 |

ပြည်သူများအနေဖြင့် မိမိတို့ထက် နွမ်းပါးသူများကို စာနာသောအားဖြင့် လူသုံးကုန်ပစ္စည်းများကို လိုအပ်သလောက်သာ ဝယ်ယူခြင်းဖြင့်လည်းကောင်း၊ မိမိတို့ တတ်နိုင်သလောက် နွမ်းပါးသူများကို ပြန်လည်ဝေမျှခြင်းဖြင့်လည်းကောင်း အများအကျိုး ဆောင်ရွက်သူများဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ လိုအပ်ချက်ကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီပေးရာရောက်မည် ဖြစ်ပါသည်။






စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့၏ ကုန်ပစ္စည်းများကို သင့်တင့် လျောက်ပတ်သော အမြတ်ငွေရရှိရန်သာ ရောင်းချသင့်ပါကြောင်းနှင့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းသော စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ဆောင်ရွက်သင့်ပါသည်။








နိုင်ငံတော်မှ လူထုအတွင်း ကောလာဟလသတင်းများ ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် အချိန်နှင့် တစ်ပြေးညီ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ထို့ကြောင့် အများပြည်သူ အနေဖြင့် နေအိမ်တွင် နေထိုင်သည့်ကာလအတွင်း ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် အချက်များမှာ...

---



အာဟာရပြည့်ဝအောင်စားသုံးခြင်း၊



တစ်ပတ်ကို တစ်ကြိမ်သာ ဈေးဝယ်ထွက်ခြင်း၊



ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို
စနစ်တကျတပ်ခြင်း၊



လက်ကို ဆပ်ပြာနဲ့ရေသုံးပြီး
စက္ကန့်(၂၀)ကြာအောင် စနစ်တကျ ဆေးခြင်း၊




အနည်းဆုံး (၆)ပေ အကွာမှသာ ပြောဆိုဆက်ဆံခြင်း၊






ပြည်သူတစ်ဦးချင်းစီတိုင်းမှ အထက်ပါအကြံပြုချက်နှင့် လမ်းညွှန်ချက်များအတိုင်း တိကျစွာ လိုက်နာပြုကျင့်နေထိုင်မည်ဆိုပါက မိမိကစ၍ မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ကို ကပ်ရောဂါဘေးမှ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။



ဤ COVID-19 က လူသားများ၏ အသက်အန္တရာယ်ကို သာမက စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် အခြားသော လူမှုဘဝနယ်ပယ်များကိုပါ ခြိမ်းခြောက်ပြောင်းလဲလျက်ရှိသည့် အတွက် COVID-19 နောက်ပိုင်းကာလများတွင်ပါအများအကျိုး စီးပွားနှင့် တစ်ဦးချင်းစီ၏ အကျိုးစီးပွားများကို အထောက်အပံ့ ပေးနိုင်သော လူ့အသိုက်အဝန်း ဖြစ်စေရန် အားလုံးဝိုင်းဝန်း ကြိုးစားတည်ဆောက်ခြင်းဖြင့်လည်းကောင်း၊ လူတိုင်းရှင်သန် နိုင်မည့် ပုံမှန်အသစ်(New Normal)များကို လေ့လာသင်ယူ ခြင်းဖြင့်လည်းကောင်း ဆက်လက် လုပ်ဆောင်သွားရမည်ဖြစ် ပါသည်။



# ကိုးကားချက်

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြေညာစာ(၂၁/၂၀၂၀)

၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များ။

၃။ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၁)

Credit Photos >> Internet